စိတ်ကူးချိုချိုအနုပညာ



ကလေးများအတွက် အသင့်တော်ဆုံး ကြိုက်နှစ်သက်စရာ ကမ္ဘာ့ပုံပြင်များ

# ကလေးကြိုက် ရွှေပုံပြင်များ

တီချယ်လှိုင်

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း–၅၄၆၈၄၅၊ ၅၄၂၉၇၃

ကလေးကြိုက်ရွှေပုံပြင်များ
မျက်နှာဖုံး - နိုင်ခွန်အား
စာမျက်နှာ ၁၇၈ မျက်နှာ၊ ၁၄ ∘ ၅ စင်တီ× ၂၀ ∘ ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်


# ကလေးကြိုက်ရွှေပုံပြင်များ
# တီချယ်လှိုင်

ပထမအကြိမ်၊ ၂၀၁၅

ကလေးကြိုက် ရွှေပုံပြင်များ
တီချယ်လှိုင်

# မာတိကာ


| | | |
|---|---|---|
| ၁။ | ညှို့ယူဖမ်းစားတဲ့ မြင်း | ၂ |
| ၂။ | မြေခွေးနဲ့ ကျီးအ | ၁၆ |
| ၃။ | ရမ်ပယ်စတီလ်စကင် | ၂၂ |
| ၄။ | စွန်၊ ဖားပြုပ်နှင့် ကြွက် | ၂၈ |
| ၅။ | တစ်ကိုယ်ကောင်းဆန်တဲ့ လူသန်ကြီး | ၃၀ |
| ၆။ | ရိုင်းစိုင်းတဲ့ ငန်းများ | ၄၂ |
| ၇။ | ပျင်းရိသော လိပ် | ၇၄ |
| ၈။ | ကပ်စေးနှဲရဲ့ ရွှေ | ၇၅ |
| ၉။ | မုန့်ဖုတ်သမား၊ မုန့်ဖုတ်သမားရဲ့သားနဲ့ မြည်းတစ်ကောင် | ၇၆ |
| ၁၀။ | ဖိနပ်ချုပ်တဲ့ နတ် | ၇၉ |
| ၁၁။ | မြေခွေးနဲ့ ငှက်ကျား | ၈၂ |
| ၁၂။ | မြင်းစာခွက်ထဲက ခွေး | ၈၄ |
| ၁၃။ | ဘက်ဂျလော့ ရဲတိုက်ကြီး | ၈၅ |
| ၁၄။ | မနှင်းဖြူ | ၉၀ |
| ၁၅။ | မြို့ကြီးသား ကြွက်နှင့် ကျေးတောသား ကြွက် | ၁၀၄ |
| ၁၆။ | မြေခွေးနဲ့ ဆိတ် | ၁၀၆ |
| ၁၇။ | ပျား၊ ပျားထီးနဲ့ နကျယ် | ၁၀၈ |
| ၁၈။ | မြေခွေးနဲ့ ခြင်္သေ့ | ၁၀၉ |
| ၁၉။ | စစ်မြင်းနဲ့ မြည်း | ၁၁၀ |
| ၂၀။ | ရက်ပ်ပန်ဇယ် | ၁၁၂ |
| ၂၁။ | ဟန်ဆယ်နဲ့ ဂရက်တယ် | ၁၂၂ |
| ၂၂။ | ဆင်းဘတ်ဒ်ရဲ့ ရေကြောင်းခရီးစဉ် ၇ ခု | ၁၃၈ |
| ၂၃။ | ကြောင်နဲ့ မြေခွေး | ၁၇၆ |
| ၂၄။ | အာရပ်နဲ့ ကုလားအုတ် | ၁၇၇ |
| ၂၅။ | ကြွက်များ တွေ့ဆုံစည်းဝေးပွဲ | ၁၇၈ |




# ညှို့ယူဖမ်းစားတဲ့ မြင်း

ရှေးရှေးတုန်းက သာယာလှပတဲ့ ပါးရှားပြည်မှာ နှစ်တစ်နှစ်ရဲ့ ပထမဆုံးနေ့ရက်ကို ပျော်ရွှင်စရာကောင်းတဲ့ နေ့ရက်အဖြစ် သတ်မှတ်လေ့ရှိခဲ့သတဲ့။ အဲ့ဒီနေ့ကို ရောက်တဲ့အခါ ပါးရှားတစ်ပြည်လုံးမှာရှိတဲ့လူတွေဟာ သူတို့မှာရှိတဲ့ အံ့သြစရာပစ္စည်း အသစ်အဆန်းတွေကို စုလ်တန်ဘုရင်ရဲ့ ရှေ့မှောက်ကို ယူဆောင်လာကြပြီး ဘုရင်ကို လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သကြတယ်။

အဲဒီနေ့မှာ ပါးရှားကို ဆင်းရဲတဲ့အိန္ဒိယအမျိုးသားတစ်ဦး ရောက်လာတယ်…။ အဲဒီ အိန္ဒိယအမျိုးသားက သူ့ဆီမှာ

ထူးဆန်းတဲ့မြင်းတစ်ကောင် ရှိတဲ့အကြောင်း အားလုံးကို ကြေညာလိုက်တယ်...။ ပြီးတော့သူက "ကျုပ် မြင်းကိုတော့ ချီးကျူးတယ်ဗျာ၊ သူ့ပုံစံကိုချီးကျူးနေတာ မဟုတ်ဘူး၊ သူလုပ်နိုင်တဲ့ဟာကို ချီးကျူးနေတာပါ" "သူက ကျုပ်သွားချင်တဲ့ ဘယ်နေရာကိုမဆို ပို့ပေးတယ်....၊ တကယ်လို့ဘုရင်က ဒီမြင်းကို ယူချင်တယ်ဆိုရင် ဒီမြင်းရဲ့အစွမ်း ဘယ်လောက်ရှိတယ်ဆိုတာ ပြပေးမယ်..." လို့ပြောလိုက်တယ်။ မြင်းပိုင်ရှင်ရဲ့စကားကို ကြားတော့ ဘုရင်ကြီးက အခုလိုမိန့်တယ်..."ကောင်းပြီလေ၊ ဒီမြင်းကို မောင်မင်းက စီးပြီး ဟောဟိုနားက တောင်ကို ကျော်သွားလိုက်။ ပြီးရင် ငါ့ဆီကို ထန်းလက်တစ်လက် ယူပြီး ပြန်လာခဲ့...ဟုတ်ပြီလား"



ဘုရင့်စကားဆုံးတာနဲ့ အိန္ဒိယအမျိုးသားလည်း သူ့မြင်းပေါ်တက်ပြီး တောင်ကို ကျော်လွှားနိုင်ဖို့ ဇက်ကုန်ဖွင့်လိုက်ပါတော့တယ်....။ ခဏအတွင်းမှာပဲ လူရောမြင်းပါ လေထဲရောက်ပြီး မြင်ကွင်းကနေ ပျောက်သွားတယ်....။ ဒီလိုနဲ့ မကြာပါဘူး၊ အိန္ဒိယ အမျိုးသားက သူ့မြင်းနဲ့အတူ ပြန်ပေါ်လာပြီး ဘုရင့်ရှေ့မှောက် ရောက်တာနဲ့ လက်ထဲ မှာ ကိုင်လာတဲ့ ထန်းလက်ကို ကမ်းပေးလိုက်တယ်....။ အဖြစ်အပျက် အစအဆုံးကို မြင်လိုက်ရတဲ့ ဘုရင်ကြီးက မြင်းကို ဝယ်ယူဖို့ ကမ်းလှမ်းလိုက်တယ်...။

ဒါပေမဲ့ အိန္ဒိယအမျိုးသားက မြင်းကို ငွေနဲ့မရောင်းချင်ဘူး။ ဒီတော့ ဘုရင်ကို ခုလို ပြောလိုက်တယ်....

"ကျွန်တော်မျိုး မြင်းကိုရောင်းတာ ငွေကိုတော့ မလိုချင်ဘူး၊ အဲဒီအစား ဘုရင်ကြီးရဲ့သမီးတော်ကိုပဲ ယူပါရစေ!"

အိန္ဒိယအမျိုးသားရဲ့ တောင်းဆိုစကားကို ကြားတော့ မတ်တတ်ရပ်ကြည့်နေ တဲ့ နန်းတွင်းအရာရှိတွေက ဟားတိုက်ရယ်မောကြတယ်....။ ဒီအဖြစ်အပျက်ကိုမြင် တွေ့နေတဲ့ စူလ်တန်ရဲ့သားတော် အိမ်ရှေ့စံကအိန္ဒိယအမျိုးသားရဲ့ တောင်းဆိုချက်ကို ဖခင်ကလိုက်လျောမှာ စိုးရိမ်နေသတဲ့။ ဒီတော့အိမ်ရှေ့စံက ဘုရင်ရဲ့အနားကိုကပ်ပြီး

"ခမည်းတော်ရဲ့သမီးတော်–ကျွန်တော်မျိုးရဲ့အစ်မ စော်ကားခံရအောင်တော့ မလုပ်ပါဘူးနော်!၊ ဒီလို သုံးမရတဲ့ လူမွဲနဲ့တော့ မပေးစားလိုက်ပါနဲ့..."လို့ ပြောလိုက် တယ်....

သားတော်ရဲ့စကားကိုကြားတော့ ဘုရင်ကြီးက ခုလိုပြောပြတယ်...

"သား! ဒီလူက ထူးဆန်းတဲ့ သူ့တိရစ္ဆာန်အတွက် ဆုလာဘ် လိုချင်နေတာ၊




အဲဒီထူးဆန်းတာက တကယ်လားဆိုတာကို သိချင်တယ်...။ ခမည်းတော်ကတော့ ဘယ်အိမ်ရှေ့စံမင်းသမီးကိုမှ အဲ့ဒီလူနဲ့ မပေးစားချင်ပါဘူး...။ ဒီတော့ သူနဲ့အပေးအယူ မလုပ်ခင် သားတော်က သူ့မြင်းကို သူ့လို စီးကြည့်တာကို ခမည်းတော် မြင်ချင်တယ်ကွယ်..."

ဘုရင်က သားတော်ကို မြင်းစီးခိုင်းမယ့် အစီအစဉ်ကို အိန္ဒိယအမျိုးသားက သဘောတူလေတော့ အိမ်ရှေ့စံလည်း မြင်းပေါ် လွှားကနဲ ခုန်တက်လိုက်တယ်။ ပြီးတော့ ဆိုင်းကြိုးဆွဲပြီး လေထဲတက်သွားတယ်...။ အိန္ဒိယအမျိုးသားက အိမ်ရှေ့စံ ဘာလုပ်ရမယ်ဆိုတာ မမှာရသေးခင်မှာဘဲ မြင်းက လေထဲကို အမြင့်ကြီး တက်သွားပါတော့တယ်...။ အိမ်ရှေ့စံက မြင်းရဲ့ပထမဆိုင်းကြိုးကိုပဲ ဆွဲပြီး တက်သွားတာပါ။ ဒီအဖြစ်အပျက်ကိုတွေ့လိုက်ရတဲ့ အိန္ဒိယအမျိုးသားက စူလ်တန်ဘုရင်ကြီးဘက်ကို လှည့်ပြီး အလန့်တကြားနဲ့ ခုလိုပြောလိုက်တယ်....

"တကယ်လို့ အိမ်ရှေ့စံ အန္တရာယ်တစ်ခုခုဖြစ်ခဲ့ရင် ကျွန်တော်မျိုးကို အပြစ်မတင်ပါနဲ့လို့ ဆုတောင်းပါတယ်...၊ တကယ်လို့ ဘုရင်ကြီးရဲ့သားတော် အိမ်ရှေ့စံက ကျွန်တော်မျိုးကို အခွင့်အရေးပေးတယ်ဆိုရင် မြင်းနဲ့ပတ်သက်ပြီး သူ သိထားသင့်တဲ့ဟာတွေကို ပြောပြပေးမလို့ပါ" "မြင်းရဲ့ဒုတိယဆိုင်ကြိုးကို သူ မတွေ့ဘူးဆိုရင်တော့ ဒီကိုပြန်ရောက်လာနိုင်မှာ မဟုတ်ပါဘူး...."

အိန္ဒိယအမျိုးသားရဲ့စကားကို ကြားတော့ စူလ်တန်ဘုရင် အကြီးအကျယ် ဒုက္ခရောက်သွားတယ်....။ အိန္ဒိယအမျိုးသားက ဘုရင်ကြီးကို စိတ်ငြိမ်ငြိမ်ထားဖို့ ဖျောင်းဖျတယ်။ ပြီးတော့သူက ဘုရင်ကြီးကို "စိုးရိမ်ကြောက်လန့်ခြင်း မရှိပါနဲ့ အရှင်မင်းကြီး၊ သူစီးသွားတဲ့မြင်းက သူ့ကိုဘေးကင်းလုံခြုံစွာနဲ့ ပင်လယ်ကို ဖြတ်ပြီး ကုန်းပေါ်ကို





ခေါ်ဆောင်သွားပေးမှာပါ…”လို့ ပြောလိုက်တယ်…

“မင်းပြောတာ မှန်ပါစေလို့ မျှော်လင့်တယ်…၊ ဒါပေမဲ့ မင်းပြောသလို မဟုတ်ခဲ့ရင်တော့ ငါ့သားတော် ပြန်လာတဲ့ အထိ မင်းကို အကျဉ်းချထားမယ်…”လို့ ဘုရင်ကြီးကလည်း ပြန်ပြောတယ်…

အိမ်ရှေ့စံက အခုလေထဲကို မြင့်သထက် မြင့်တက် နေပါပြီ…။ သူက မြင်းကို ရပ်တန့်ဖို့ အကောင်းဆုံးကြိုးစား ပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ မြင်းရဲ့ ဒုတိယဆိုင်းကြိုးကို တွေ့သွားတယ်။ အိမ်ရှေ့စံက ဒုတိယမြောက်ဆိုင်းကြိုးကို ဖမ်းကိုင်လိုက်တယ်ဆိုရင်ပဲ မြင်းက အောက်ကိုတစ်ခါတည်း ထိုးဆင်းပါတော့တယ်။ ခဏအကြာ အိမ်ရှေ့စံကနန်းတော် ကြီးတစ်ခုရဲ့ခေါင်မိုးပေါ် သူ ရောက်နေတယ်ဆိုတာကို သိ လိုက်ရတယ်…။

အခုတော့အတော်လေးမှောင်လာပါပြီ။ ညဘက်ကို ရောက်ခဲ့ပြီပေါ့။ ခဏအကြာ အိမ်ရှေ့စံက လှေကားလေး တစ်ခုကို တွေ့လိုက်ရတယ်…၊ အဲဒီလှေကားက အခန်းကျဉ်း လေးတစ်ခုဆီသွားတဲ့ လှေကားပေါ့။ အိမ်ရှေ့စံက လှေကား အတိုင်း အခန်းလေးဆီကို တက်သွားလိုက်တော့ အခန်းဝမှာ အစောင့်လူသန်ကြီးတွေ အိပ်ပျော်နေတာကို တွေ့လိုက်ရတယ်။ အိမ်ရှေ့စံက အိပ်နေတဲ့ အစောင့်လူသန်ကြီးတွေ အနားကနေ သတိထားပြီး ဖြတ်သွားတယ်။ အစောင့်တွေကို ကျော်ပြီးတာနဲ့ အင်မတန်လှပတဲ့ အိမ်ရှေ့စံမင်းသမီးလေးရှိရာ အခန်းလေး ထဲကိုဝင်သွားလိုက်တယ်။ မင်းသမီးလေးရဲ့ဘေးပတ်ပတ် လည်မှာတော့ အိပ်ပျော်နေတဲ့ ရံရွေတော် အမျိုးသမီးတွေကို တွေ့ရပြန်တယ်။ အိမ်ရှေ့စံကစဉ်းစားတယ်။ သူ့ရဲ့ဘေးကင်း လုံခြုံရေးကို မင်းသမီးကပဲ ကာကွယ်ပေးနိုင်မယ်လို့…၊ ဒီတော့ အိမ်ရှေ့စံက မင်းသမီးလေးကို နှိုးလိုက်တယ်…။

“မင်းသမီး …ထပါဦးဗျ”

အသံကြားတော့ မင်းသမီးလေး မျက်လုံးပွင့်လာတယ်။

"ပါရှားပြည့်ရှင်ရဲ့သားတော် မင်းသမီးလေးရှေ့မှာ ရောက်နေတာကို တွေ့လား" "မင်းသမီးရဲ့နန်းတော်ကို တွေ့ပြီးဝင်လာတာမို့ မင်းသမီးကသာ ဘုရင့်သားတော်ကို စိတ်စေတနာထားပြီး မကူညီရင် အစောင့်တွေ၊ ကျွန်တွေရဲ့ပြုသမျှနုရမယ့် အခြေအနေကို ရောက်ရတော့မယ်။"

အိမ်ရှေ့စံရဲ့စကားဆုံးတော့ မင်းသမီးလေးက ခုလိုပြန်ဖြေတယ်...

"အရှင့်သား၊ ကျွန်တော်မျိုးမက ဘင်္ဂလားပြည်ရဲ့ဘုရင့်သမီးတော်ဖြစ်တယ်...။ ဒါကြောင့် မင်းသား ဘာမှကြောက်စရာ မလိုပါဘူး၊ ဒီတိုင်းပြည်ထဲမှ လိုက်လိုက်လုံလုံ ကြိုဆိုခြင်းက လွဲပြီး သင်ဘာမှ ရှာမတွေ့နိုင်ပါဘူး..။ မင်းသားက အစာစားပြီး အနားယူဖို့လိုတယ်...။ မင်းသားအတွက် အစစလိုလေသေး မရှိအောင် ကျွန်တော်မျိုးမရဲ့ အမျိုးသမီးတွေကို လွှတ်ပေးမယ်...၊ မနက်ကျမှ ရှင့်ရဲ့ထူးဆန်းတဲ့ ဇာတ်လမ်းကို ကျွန်မ နားထောင်ပေးပါ့မယ်..."

နောက်တော့ မင်းသမီးလေးရဲ့ရံရွေတော်အမျိုးသမီးတွေက အိမ်ရှေ့စံကို



လှပတဲ့ပရိဘောဂတွေ၊ စားကောင်းသောက်ဖွယ်တွေ၊ အိပ်ရာကောင်းကောင်း ရှိနေတဲ့ အခန်းကျယ်ကြီးတစ်ခုဆီကို ခေါ်ဆောင်သွားကြတယ်...။

ဒီလိုနဲ့ အိမ်ရှေ့စံလည်း စားသောက်ပြီး ခဏကြာတာနဲ့ အိပ်ရာပေါ်လှဲရင်း အိပ်ပျော်သွားပါတော့တယ်။

မနက်ရောက်တော့ မင်းသမီးလေးက ခါတိုင်းထက်ပိုပြီး လှပနေအောင် ဝတ်စားထားသတဲ့...။

တကယ်တော့ ဘင်္ဂလားမင်းသမီးလေးက သူမဆီကို ထူးထူးဆန်းဆန်း ရောက်လာတဲ့ ပါးရှားဘုရင့်သားတော်ကို ချစ်ကြိုက်နေမိပါပြီ။

မင်းသမီးလေးက ဝတ်စားဆင်ယင် အလှပြင်ပြီး အဆင်သင့်ဖြစ်တဲ့အခါ သူမက ကျွန်တစ်ယောက်ကို ခုလို မှာလိုက်တယ်။

“ပါးရှားအိမ်ရှေ့စံဆီကို သွားပြီးမေးလိုက်၊ ငါသူ့ဆီ သွားတွေ့မှာကို လက်ခံဖို့ အဆင်သင့်ဖြစ်ပြီလားလို့!’

ဘင်္ဂလားမင်းသမီးဆီက သတင်းစကားကို ရပြီးတဲ့အခါ ပါးရှားအိမ်ရှေ့စံက မင်းသမီးကို ဝမ်းမြောက်ပျော်ရွှင်စွာနဲ့ ကြိုဆိုဖို့ အရံသင့်စောင့်ဆိုင်းနေလိုက်ပါတယ်။

မင်းသမီး ရောက်လာလို့ အပြန်အလှန် နှုတ်ဆက်ပြီးတဲ့နောက်မှာ ဘင်္ဂလားမင်းသမီးလေးက ခုလို စပြောလိုက်တယ်။

“အိမ်ရှေ့မင်းသား! ဒီအခန်းထဲကို ဘယ်သူမှ ဝင်မလာနိုင်လို့ ကျွန်မ ဒီကို ရောက်လာတာပါ။ ကျွန်မ နန်းတော်ထဲကို ရှင်ရောက်လာတာ ကြည်နူးမှုဖြစ်တယ်လို့ ရှင်က စပြောစေချင်တယ်”

အိမ်ရှေ့စံက မင်းသမီးလေးကို နှစ်သစ်ကူးတဲ့ ပထမဆုံးနေ့ရက်မှာ ပျော်ရွှင်ပွဲတွေ ကျင်းပနေတုန်း ဆင်းရဲတဲ့အိန္ဒိယအမျိုးသားတစ်ဦး ရောက်လာကြောင်း၊ သူ့ရဲ့ ထူးဆန်းတဲ့မြင်းနဲ့ ပါးရှားရဲ့အိမ်ရှေ့စံမင်းသမီးကို အလဲအလှယ် လုပ်လိုတဲ့အကြောင်း၊ အိန္ဒိယအမျိုးသားရဲ့အပေးအယူကို ဘုရင်ကြီးက လက်ခံမှာကို အိမ်ရှေ့စံက စိုးရိမ်ခဲ့ရတဲ့အကြောင်း၊ နောက်တော့ အိမ်ရှေ့စံက ထူးဆန်းတဲ့ မြင်းကို စီးပြီး ဒုတိယဆိုင်းကြိုး မတွေ့ရလို့ လေထဲအမြင့်ဆုံးနေရာထိရောက်ခဲ့ရကြောင်း၊ နောက်မှမြင်းရဲ့ ဒုတိယဆိုင်းကြိုးကိုတွေ့ပြီး မြေပေါ်ဆင်းနိုင်လို့ ဘင်္ဂလားနန်းတော်ခေါင်မိုးပေါ် ရောက်ခဲ့ရကြောင်း၊ အဲဒီကနေတစ်ဆင့် လှေကားသေးသေးလေးအတိုင်း မင်းသမီးလေးရှိရာကို တက်ပြီး အခန်းဝအထိရောက်ခဲ့ကြောင်း၊ နောက်တော့အခန်းဝမှာ အိပ်ပျော်နေတဲ့

အစောင့်လူသန်ကြီးတွေ ရှေ့ကနေတိတ်တိတ်လေးဖြတ်ပြီး အခန်းထဲ ဝင်ခဲ့တဲ့အကြောင်း၊ အိမ်ရှေ့စံက သူရဲ့ဘေးကင်း လုံခြုံရေးအတွက် မင်းသမီးကို နှိုးခဲ့ရတဲ့အကြောင်း၊ မင်းသမီး ကို တွေ့ပြီးတာနဲ့ မင်းသမီးရဲ့အလှအပနဲ့ သနားကြင်နာစိတ်ရှိ ခြင်းအပေါ် နှစ်သက်မြတ်နိုးမိတဲ့အကြောင်း စီကာပတ်ကုံး ပြောပြလိုက်တယ်။ အိမ်ရှေ့စံရဲ့စကားကြောင့် ဘင်္ဂလား မင်းသမီးကလေး ရှက်သွေးဖြာပြီး ခုလို ပြန်ပြောတယ်။

"အရှင့်သား! အရှင့်သားပြောတဲ့ အဖြစ်အပျက်တွေကို ကျွန်မ စိတ်ဝင်တစားနဲ့ နားထောင်ပြီးပါပြီ။ အရှင့်သားရဲ့ အန္တရာယ်ကို ကျွန်မ တွေးမိပြီးကြောက် ရွံ့တုန်လှုပ်မိတယ်။ တကယ်တော့ ညို့ဓာတ်ရှိတဲ့မြင်းက အရှင့်သားကို ကျွန်မ နန်းတော်ဆီရောက်အောင် ခေါ်လာခဲ့တာပဲ။ ကျွန်မက ရှင့် နှလုံးသားကို သိမ်းပိုက်အနိုင်ယူလိုက်ပြီဆိုတာကို ကျွန်မ သိ လိုက်တယ်။



အခု ညနေစာစားချိန် ရောက်ပြီဆိုတော့ ဘင်္ဂလား မင်းသမီးလေးက ဦးဆောင်ပြီးလှပတဲ့ ခန်းမတစ်ခုဆီ ဝင်သွားပြီး အရသာရှိလှတဲ့ အစားအသောက်တွေကို အိမ်ရှေ့စံနဲ့အတူထိုင် စားလိုက်ကြသတဲ့။ ညနေစာစားပြီးတဲ့နောက်မှာ မင်းသမီး ကလေးက စပြောတယ်။ 'အရှင့်သား! အခုသင်က သင့်တိုင်း ပြည်ကို ပြန်ဖို့စဉ်းစားနေတယ် မဟုတ်လား။ ဒါပေမဲ့ ကျွန်မ ရဲ့ဖခင် ဘုရင်ကြီးရဲ့နန်းတော်ကို မမြင်ဖူးသေးဘဲနဲ့ ပြန် မသွားသင့်ဘူး'

ဘင်္ဂလားမင်းသမီးလေးရဲ့စကားကို ပါးရှားဘုရင့် သားတော်က ဝမ်းမြောက်စွာ လက်ခံသဘောတူလိုက်တယ်။ ဒါပေမဲ့ ပါးရှားအိမ်ရှေ့စံက သူဝတ်နေကျ အဝတ်အစားတွေနဲ့ မင်းသမီးလေးရဲ့ဖခင် ဘင်္ဂလားဘုရင်ကြီးဆီသွား မတွေ့ချင် ပါဘူး။ ဒီတော့ မင်းသမီးလေးကို အကျိုးအကြောင်း ပြောပြ လိုက်တယ်။ မင်းသမီးလေးက သူ့ဖခင် ပါးရှားအိမ်ရှေ့စံကို

တွေ့တာနဲ့ သမီးဖြစ်သူ မင်းသမီးလေးနဲ့ လက်ထပ်ခွင့်ပြုမှာပဲလို့ စဉ်းစားပြီး အိမ်ရှေ့စံ လိုအပ်တာ မှန်သမျှ အကုန်လုပ်ပေးမယ်လို့ ပြန်ပြောလိုက်တယ်။ ဘင်္ဂလားမင်းသမီးပြောတဲ့ အစီအစဉ်ကို အိမ်ရှေ့စံက သဘောမတူပါဘူး။ ဒီတော့ သူက ခုလိုပြောပြတယ်။

'မင်းသမီးသာ ခွင့်ပြုမယ်ဆိုရင် ကျုပ်ပါးရှားကို အရင်ဆုံးပြန်ပြီး ကျုပ် ဘေးကင်းလုံခြုံတဲ့အကြောင်း ဖခင်ဘုရင်ကြီးကို အသိပေးလိုက်ချင်တယ်။ ပြီးရင် ကျုပ်ဒီနန်းတော်ကို သူစိမ်းတစ်ယောက်အဖြစ် ပြန်လာမှာမဟုတ်ဘူး။ မင်းသမီးရဲ့ ကြင်ရာတော် အိမ်ရှေ့စံအဖြစ်နဲ့ ပြန်လာခဲ့မှာ။ ပြီးရင် ကျုပ်က မင်းသမီးကို လက်ထပ်ခွင့်တောင်းမယ်လေ!'

ပါးရှားအိမ်ရှေ့စံက ခုလိုခွင့်တောင်းနေပေမဲ့ မင်းသမီးလေးက သူ့ကို သွားခွင့်မပြုလို့ ဘင်္ဂလားနန်းတော်မှာပဲ ဆက်နေလိုက်တာ နှစ်လတင်းတင်း ပြည့်သွားခဲ့ပါတယ်။

ဒီတော့ နောက်ဆုံးမှာ ဘင်္ဂလားမင်းသမီးလေးကို တစ်ခါတည်း ခေါ်ဆောင်ပြီး ပါရှားကိုပြန်ဖို့ အိမ်ရှေ့စံက ဆုံးဖြတ်လိုက်တယ်။

အိမ်ရှေ့စံက ဘင်္ဂလားမင်းသမီးလေးကို သူစီးလာတဲ့ ညှို့ယူဖမ်းစားတဲ့ မြင်းပေါ်တင်လိုက်တယ်။ ပြီးမှ မင်းသမီးရဲ့ နောက်ကနေ တက်ထိုင်ပြီး မြင်းဆိုင်း ကြိုးကိုစဆွဲလိုက်တယ်။ မြင်းကလည်း လျင်မြန်တဲ့အရှိန်အဟုန်နဲ့ ပါးရှားဘုရင့်နန်းတော်ဆီ ခေါ်ဆောင်သွားခဲ့တယ်။



နန်းတော်ကိုရောက်တော့ အိမ်ရှေ့စံက ဘင်္ဂလားမင်းသမီးကို အထိန်းတော်တွေနဲ့ ထားခဲ့ပြီး သူမကို ဂရုစိုက်ကြဖို့ မှာသွားတယ်။ ပြီးတော့ အိမ်ရှေ့စံက သူ့ကို သေသွားပြီလို့ ထင်နေတဲ့ သူ့ဖခင်စူလ်တန်ဘုရင်ကြီးရှိရာ အိမ်တော်ဆီ ချဉ်းကပ်သွားလိုက်တယ်။

သားတော်အိမ်ရှေ့စံရဲ့ အဖြစ်အပျက်ဇာတ်လမ်းတွေကို နားထောင်ပြီးတဲ့နောက် ဘုရင်ကြီးက အိမ်ရှေ့စံသေဆုံးတဲ့

အထိမ်းအမှတ်နဲ့ နန်းတော်ထဲ ငိုကြွေးနေတဲ့အသံတွေကို တိတ်ခိုင်းလိုက်တယ်။ ပြီးတော့ ဘုရင်ကြီးက ကြေညာချက် တစ်ခုထုတ်ပြန်လိုက်တယ်။ အဲဒါကတော့ သားတော်နဲ့ ဘင်္ဂလားမင်းသမီးလေးကို သဘောတူရုံမက သားတော် နှစ်သက်မြတ်နိုးစွာချစ်တဲ့ မင်းသမီးလေးကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတာပါပဲ။

ဘုရင်ကြီးက ချွေးမလောင်းဆီသွားမတွေ့ခင် အိန္ဒိယအမျိုးသားကို အခေါ်တော်လွှတ်လိုက်တယ်။

သားတော် ဘေးကင်းလုံခြုံစွာနဲ့ ပြန်ရောက်မလာမချင်း အကျဉ်းချထားမယ်လို့ ပြောထားခဲ့တဲ့ စကားအရ အခုလို သားတော်ဘေးကင်းစွာနဲ့ ပြန်ရောက်လာလို့ အိန္ဒိယအမျိုးသားကို အကျဉ်းကနေလွှတ်ဖို့ ဘုရင်ကြီးက စီစဉ်လိုက်တာပါ။

ဘုရင်ကြီးက 'ကဲ…မင်းရဲ့မြင်းကိုယူပြီး သွားပေတော့၊ နောက်တစ်ခါ ငါ့ရဲ့ ပါးရှားနန်းတော်ဆီ လုံးဝမလာခဲ့နဲ့တော့!'…လို့ပြောလိုက်တယ်။

အိန္ဒိယအမျိုးသားက အပြန်လမ်းမှာ ခုလိုစဉ်းစားမိတယ်…။ သူအကျဉ်းထောင်ထဲမှာရှိနေတုန်း ပါးရှားဘုရင့်သားတော် နန်းတော်ကို ပြန်ရောက်လာတဲ့အကြောင်း၊ နန်းတော်ထဲ မဝင်ခင်မင်းသမီးကို တစ်နေရာမှာ ခဏထားခဲ့တဲ့ အကြောင်း၊ ဒီတော့အိန္ဒိယအမျိုးသားက ဘင်္ဂလားမင်းသမီးကို မြင်းပေါ်တင်ပြီး ပါးရှားဘုရင်စုလ်တန်နဲ့ အိမ်ရှေ့စံတို့ ခေါင်းပေါ်ကနေ ပျံသွားဖို့ရယ်။ ဘုရင်နဲ့အိမ်ရှေ့စံက မင်းသမီးကို တွေ့ပေမဲ့ ကယ်နိုင်မှာမဟုတ်ဘူးလို့ တွေးမိပြီး စဉ်းစားထားတဲ့အတိုင်း တကယ်လုပ်လိုက်တယ်။

ဒီအဖြစ်အပျက်ကိုတွေ့လိုက်ရတဲ့ ဘုရင်ကြီးက ဝမ်းနည်းပူဆွေးပြီး နန်းတော်ထဲ ပြန်ဝင်လာချိန်မှာ သူ့သားတော်က ယဇ်နတ်ဆရာပုံစံ အဝတ်အစားတွေဝတ်ပြီး မင်းသမီးခေါ်ဆောင်သွား ခံရတဲ့နေရာကို ရှာတွေ့ဖို့ရယ်… ကောက်ကျစ်တဲ့အိန္ဒိယအမျိုးသားက မင်းသမီးကို သူ့မယားလုပ်မှာကို ကယ်တင်နိုင်ဖို့အတွက် ထွက်သွားတာကို တွေ့လိုက်ရတယ်။

ကောက်ကျစ်တဲ့ အိန္ဒိယအမျိုးသားရဲ့အကြံစည်ကို သိလိုက်ရတဲ့ မင်းသမီးက အဲဒီအမျိုးသား ပြောတာတွေကို ငြင်းဆန်နေတော့ အိန္ဒိယအမျိုးသားက မင်းသမီးကို အကြမ်းဖက်ခြိမ်းခြောက်တာတွေ လုပ်ပါတော့တယ်။

တစ်နေ့မှာတော့ အိန္ဒိယအမျိုးသားရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေက ခါတိုင်းထက် ပိုဆိုးလာလို့ မင်းသမီးလေးက ဖြတ်သွားဖြတ်လာ မြင်းစီးသမားတွေ ကြား